နောက်ဆက်တွဲ(ဂ)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် တုံ့ပြန်နိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၃ | မယ်ဇလီ | အသင့်အတင့် | ➢ ရေစီးကောင်းမွန်ပြီး စွတ်စို၍ မြေဩဇာကောင်းမွန်သော (Soil pH: ၅.၅ - ၇.၅) ရှိသောမြေတွင် အကောင်းဆုံး ပေါက်ရောက်ရှင်သန်နိုင်သည်။<br>➢ ဂဝံမြေတွင်လည်း ရေစီးရေလာကောင်းမွန်ပါက ပေါက်ရောက်နိုင်သည်။<br>➢ မြေအငန်ဓါတ်များသော (Soil pH - ၇.၅ ထက်များသော) မြေတွင် မပေါက်ရောက်နိုင်ပါ။ | ၃၅ - ၄၀ | ၂၀ - ၉၈ | ၀ - ၃၂၈၀ | ➢ ရာသီဥတုအခြေအနေအမျိုးမျိုးတွင် ပေါက်ရောက်နိုင်သော်လည်း မုတ်သုံရာသီဥတုတွင် ပို၍ ရှင်သန်ပေါက်နိုင်သည်။<br>➢ အပူပိုင်းဒေသ မြေနိမ့်နေရာများနှင့် အထူး သင့်လျော်ပါသည်။<br>➢ မြေအောက်ရေကို ကောင်းမွန်စွာ စုပ်ယူနိုင်သည့် အရွယ်၊ အချိန်တွင် မိုးခေါင်ခြောက်သွေ့ကာလ(၄ - ၈)လခန့်အထိ ခံနိုင်ရည်ရှိသည်။ |
| ၄ | တမာ | အသင့်အတင့် | ➢ နုန်းမြေ၊<br>➢ ဂဝံမြေ၊<br>➢ စနယ်မြေ(အနက်ရောင်) ပိုမိုကောင်းမွန်နိုင် (မြေစေး/ ရွံ့စေး ၄၀ - ၆၀ % ခန့်ပါဝင်ပြီး မြေကို လက်တစ်ဆုပ်ခန့် ဆုပ်ကြည့်ပါက စိုစွတ်ချိန်တွင် ကပ်စေးစေးဖြစ်လျက် ခြောက်သွေ့ချိန်တွင် မာခဲလျက်ရှိသော မြေအမျိုးအစား)<br>➢ မြေအငန်ဓါတ်များသောမြေတွင်လည်း ပေါက်ရောက်နိုင်ပြီး၊ သဲကျောက်ဆန်သောမြေ၊ ထုံးဓါတ်များသောမြေတွင်လည်း အခြားသစ်မျိုးများထက် ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ (Soil pH: ၆.၂ - ၇) ရှိသောမြေတွင် စိုက်ပျိုးပါက အသင့်တော်ဆုံး ဖြစ်ပါသည်။ | ၄၀ | ၄၀ အောက် | ၀ - ၄၉၀၀ | ➢ မြန်မာနိုင်ငံတွင် အပူပိုင်းတောခြောက်နှင့် ခြုံပုတ်တောများတွင် သဘာဝအတိုင်း ရှင်သန်ပေါက်ရောက်သည်။<br>➢ စိုက်ပျိုးပြီး ၁ - ပတ်အတွင်း မိုးရေရရှိပါက ပိုမိုရှင်သန်ကောင်းမွန်နိုင်ပါသည်။ |

42

နောက်ဆက်တွဲ(ဂ)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် တုံ့ပြန်နိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟာဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၅ | ကုက္ကို (မြန်မာ) | *အသင့်အတင့်* | ➢ မြေသြဇာကောင်းမွန်ပြီး ရေစီးရေလာကောင်းမွန်သောနုန်းမြေတွင် ကောင်းမွန်စွာ ဖြစ်ထွန်းပြီး မြေစေးပါက ရှင်သန်ပေါက်ရောက်မှု မကောင်းနိုင်ပါ။<br>➢ မြေအချဉ်ဓါတ်များခြင်း၊ မြေအငန်ဓါတ်များခြင်း၊ ရေဝပ်သောနေရာများတွင်လည်း ရှင်သန်ပေါက်ရောက်နိုင်သည်။ | ၃၅ - ၄၀ | ၂၅ - ၉၆ | ၀ - ၅၀၀၀ | ➢ အမြဲစိမ်းတစ်ပိုင်းဆန်သောမြေ၊ မုတ်သုံတော၊ ရွက်ပြက်တောများတွင် သဘာဝအတိုင်း ပေါက်ရောက်ကျပါသည်။<br>➢ ရာသီဥတုအခြေအနေအမျိုးမျိုးနှင့် မြေအမျိုးအစား၊ အတန်းအစား အများစုတွင် ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ စိုက်ပျိုးပြီး တစ်နှစ်ကြာသောအခါ မိုးခေါင်ခြောက်သွေ့မှုဒဏ်နှင့် နှင်းခါးရိုက်ခြင်းများကို ခံနိုင်ရည်ရှိပါသည်။ |
| ၆ | ဒဟတ် | *ခံနိုင်ရည်အကောင်းဆုံး (ရေနည်းခံပင်အမျိုးအစား)* | ➢ မြေအမျိုးအစားမရွေး ရှင်သန်ပေါက်ရောက်နိုင်သော်လည်း မြေအငန်ဓါတ်များသော မြေအမျိုးအစားတွင် ပို၍ ရှင်သန်ကြီးထွားစွာ ပေါက်ရောက်နိုင်သည်။ | - | ၃၀ - ၃၉ | - | ➢ သဲဆန်သောမြေ၊ ကျောက်စရစ်ကုန်းမြေ၊ ကျောက်ကုန်းများတွင် ရှင်သန်ပေါက်ပါသည်။<br>➢ သန်း-ဒဟတ်တော၊ တယ်တော၊ ရှား-ထနောင်းဆူးချုံပုတ်တော၊ ရှား-ဒဟတ်ဆူးတော၊ ယူဖော်ဘီးယား တပိုင်းတစကန္တာရတောများတွင် သဘာဝအတိုင်းပေါက်ရောက်ရှင်သန်ပါသည်။<br>➢ သစ်ပင်ရှင်သန်ကြီးထွားရန်အတွက် မိုးရေကို လုံလောက်စွာ မရရှိနိုင်သည့်နေရာဒေသများတွင် ရှင်သန်ပေါက်ရောက်နိုင်သည်။ |

နောက်ဆက်တွဲ(ဂ)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် တုံ့ပြန်နိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၇ | ယင်းမာ | | ➢ (Soil pH: ၅.၅ - ၆.၅) ရှိသော / မြေအချဉ်ဓါတ်ရှိသောမြေတွင် စိုက်ပျိုးပါက အသင့်တော်ဆုံး ဖြစ်ပါသည်။<br>➢ အလွန်လွန် စွတ်စိုသောမြေ၊ ရေဝပ်သောမြေနေရာများကို ရှောင်ကြဉ်သင့်ပါသည်။ | ၂၀ - ၂၅ | ၃၃ - ၁၅၇ | ၄၀၀ - ၂၆၀၀ | ➢ အပူပိုင်းဒေသ မြေနိမ့်မြေပြန့်များတွင် တွေ့ရှိရသည့်အပြင်ရေစီးရေလာကောင်းမွန်သော တောင်ကုန်းတောင်တန်းများနှင့် အချို့နေရာများတွင် ထုံးကျောက်မြေများ၌လည်း ပေါက်ရောက်ကြသည်။<br>➢ လေဒဏ်ခံနိုင်စွမ်း မြင့်မားပြီး လင်းလုပင်အမျိုးအစားဖြစ်သဖြင့် အလင်းပွင့်သောနေရာများတွင် စိုက်ပျိုးသင့်သည်။<br>➢ စိုက်ပျိုးပါက နှစ်နှစ်အတွင်း အမြင့်ပေ ၃ - ၆ ပေ၊ သုံးနှစ် ၆ - ၉ ပေ၊ ခြောက်နှစ် ၁၀ ပေနှင့်အထက် ရောက်ရှိနိုင်သည်။ |
| ၈ | ဆီးဖြူ | *ဆောင်းရာသီ၏ အအေးဒဏ်ကို ထူးခြားစွာ ခံနိုင်စွမ်းရှိသော်လည်း၊ အပူဒဏ် လွန်ကဲခြင်းကို ခံနိုင်စွမ်းအားနည်းသည်။* | ➢ မြေအမျိုးအစား၊ မြေအတန်းအစားအမျိုးမျိုးတွင် ပေါက်ရောက်နိုင်သော်လည်း ရေစီးရေလာကောင်းမွန်ရန် လိုအပ်သည်။<br>➢ စိုက်ပျိုးမည်ဆိုပါက မြေအချဉ်ဓါတ် အနည်းငယ်ပါဝင်သောမြေမှ အပေါ်ယံမြေဆီလွှာတွင် မြေအငန်ဓါတ်ပါဝင်သောမြေ (Soil pH: ၆.၅ - ၉.၅) သင့်တော်ပါသည်။ | ၀ - ၄၆ | ၂၈ - ၅၉ | ၀ - ၅၉၀၀ | ➢ အပူပိုင်းနှံ့ သီးသန့်ထက် အပူသမပိုင်းနှံ့များတွင် ပိုမိုဖြစ်ထွန်းသော်လည်း ပူပြင်းခြောက်သွေ့သောဒေသနှင့်စိုစွတ်သောဒေသ(၂)မျိုးလုံးတွင် ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ မြေနေရာပျက်စီးသွားသောနေရာများတွင် စိမ်းလန်းစိုပြည်ရေးအတွက် ပြန်လည်စိုက်ပျိုးပါက အသင့်တော်ဆုံးသစ်မျိုး ဖြစ်သည်။<br>➢ နွေကာလတွင် အရွယ်ရောက်အပင်များသည် *အပူချိန် (၄၆C)အထိ ခံနိုင်သော်လည်း အပင်ငယ်များကိုမူ အရိပ်မိုးပေးရန် လိုအပ်သည်။* |

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် ခံနိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၉ | စစ် | *အသင့်အတင့်* | ➢ မြေအမျိုးအစား၊ အတန်းအစားအမျိုးမျိုးတွင် ရှင်သန်နိုင်သော်လည်း စိုစွတ်ပြီး ရေစီးရေလာကောင်းမွန်သောနုန်းမြေ၊ (Soil pH: ၅.၅ - ၇.၅) ရှိသောရွှံ့စေးမြေများတွင် စိုက်ပျိုးပါက အကောင်းဆုံးရှင်သန်ကြီးထွားနိုင်သည်။ | ၁၆ - ၄၀ | ၃၉ - ၂၀၀ | ၉၁၀ - ၂၆၀၀ | ➢ အပူပိုင်းဒေသ မြေနိမ့်မြေပြန့်များတွင် တွေ့ရှိရသည့်အပြင်ရေစီးရေလာကောင်းမွန်သော တောင်ကုန်းတောင်တန်းများနှင့် အချို့နေရာများတွင် ထုံးကျောက်မြေများ၌လည်း ပေါက်ရောက်ကျသည်။<br>➢ လေဒဏ်ခံနိုင်စွမ်း မြင့်မားပြီး လင်းလုပင်အမျိုးအစားဖြစ်သဖြင့် အလင်းပွင့်သောနေရာများတွင် စိုက်ပျိုးသင့်သည်။<br>➢ စိုက်ပျိုးပါက နှစ်နှစ်အတွင်း အမြင့်ပေ ၃ - ၆ ပေ၊ သုံးနှစ် ၆ - ၉ ပေ၊ ခြောက်နှစ် ၁၀ ပေနှင့်အထက် ရောက်ရှိနိုင်သည်။ |
| ၁၀ | ပိတောက် | *ဆောင်းရာသီ၏ အအေးဒဏ်ကို ထူးခြားစွာ ခံနိုင်စွမ်းရှိသော်လည်း၊ အပူဒဏ် လွန်ကဲခြင်းကို ခံနိုင်စွမ်းအားနည်းသည်။* | ➢ မြေအချဉ်ဓါတ် အသင့်အတင့်ရှိသော မြေအမျိုးအစားမှ (Soil pH: ၅.၅ - ၆.၅) အက်ဆစ်ဆန်သောမြေမျိုးများဖြစ်သော သဲဆန်သောနုန်းမြေမှ မြေစေးအထိ ပိတောက်သစ်မျိုးများ ရှင်သန်ပေါက်ရောက်ရန် အသင့်တော်ဆုံး မြေအမျိုးအစား ဖြစ်ပါသည်။ | ၂၃ - ၂၇ | ၃၉ - ၈၀ | ၃၃၀ - ၂၆၀၀ | ➢ ရွက်ပြတ်ရောနှောတောခြောက်နှင့် တောစိုများတွင် သဘာဝအတိုင်းပေါက်ရောက်သည်။<br>➢ လင်းလုပင်အမျိုးအစားဖြစ်သည့်အတွက် ယှဉ်ပြိုင်ပေါက်သည့် သစ်မျိုးများနှင့် ရှိုင်းယှဉ်လျှင် အနည်းငယ် ကြီးထွားမှု နှေးပြီး အုပ်မိုးခံပင်အဖြစ် နှစ်အတော်ကြာ အပင်ပျိုအဆင့်တွင် ရှိနေတတ်သည်။<br>➢ သက်ကြီးပင်များ၏ အမြစ်များသည် စိုစွတ်သောမြေမျက်နှာပြင်တစ်လျှောက်တွင် ထိုးဖောက်တတ်သည့်အတွက် ကားလမ်းများ၌ စိုက်ပျိုးရန် မသင့်ပါ။ |

နောက်ဆက်တွဲ(ဂ)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် တုံ့ပြန်နိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁၁ | သန်း | နှင်းခါးရိုက်ခြင်းကို ခံနိုင်ရှိသည့်အပြင် မိုးခေါင်ခြောက်သွေ့မှုဒဏ်ကိုလည်း အကောင်းဆုံး ခံနိုင်ရည်စွမ်းရှိသည်။ | ➢ စိုက်ပျိုးမည်ဆိုပါက သဲဆန်သောမြေ၊ မြေစေး၊ နုန်းမြေတို့တွင် ပို၍ သင့်လျော်ပြီး ရှင်သန်ကြီးထွားမှု မြန်ဆန်နိုင်သည်။<br>လင်းလုပင်အမျိုးအစားဖြစ်သည့်အားလျော်စွာ အပင်များငယ်စဉ်တွင် ရွက်အုပ်ဖုံးလွှမ်းမှု မရှိအောင် ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းများ ဂရုတစိုက်ဆောင်ရွက်သင့်ပါသည်။ | ၃၆ - ၄၇ | ၁၉ - ၃၅ | ၉၀၀ - ၂၆၀၀ | ➢ ကျောက်ကုန်း (နှမ်းဖတ်ကျောက်၊ လိပ်သည်းကျောက်၊ နုန်းကျောက်၊ လချေးကျောက်၊ ဂေါ်ဒန်ကျောက်၊ အလွှန်မာသောသဲကျောက်)များတွင်လည်း သဘာဝအကိုင်းပေါက်ရောက်ရှင်သန်နိုင်သည်။<br>➢ တောမီးများ လောင်ကျွမ်းမှုကို ကောင်းစွာ ဒဏ်ခံနိုင်ပြီး လောင်ကျွမ်းသွားသော ပင်စည်များမှာ ပြန်လည်ကောင်းမွန်နိုင်သည်။ |
| ၁၂ | ဖျောက်ဆိပ် | မိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံနိုင်သော်လည်း နှင်းခါးရိုက်ခြင်းကို လုံးဝခံနိုင်စွမ်း မရှိပါ။ | ➢ နုန်းမြေ (သို့) အပေါ်ယံမြေဆီလွှာထူသည့် သဲဆန်သောမြေများတွင် အကောင်းဆုံးရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ ရေစီးရေလာကောင်းမွန်ပြီး ကျောက်စရစ်နှင့် မြေရောနှောထားသောမြေအမျိုးအစားတွင်လည်း ပေါက်ရောက်နိုင်သည်။<br>➢ အပေါ်ယံမြေဆီလွှာပါးပြီး မြေဆီလွှာညံ့ဖျင်းသည့်နေရာများတွင် အပင်များ လိုခြင်း၊ ကျုံ့ခြင်း၊ ကြီးထွားမှုနှေးကွေးခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ | ၂၇ - ၄၈ | ၃၁ - ၉၈ | ၃၃၀ - ၂၆၀၀ | ➢ အပူပိုင်း သမပိုင်းဖုံနှင့် အပူပိုင်းတောခြောက်များတွင် သဘာဝအတိုင်းရှင်သန်ပေါက်ရောက်ကျသည်။<br>➢ ရေသောက်မြစ်နှင့် အလွှန်ဝေးသော ကျောက်ကုန်း၊ ကျောက်တောင်များတွင်လည်း ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ လျှို၊ မြောင်၊ ချောင်းရိုးတစ်လျှောက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများကြောင့် အပေါ်ယံမြေဆီလွှာ ကုန်ခမ်းပြီး ကျောက်သားများနှင့် ကျောက်ကြေ၊ ကျောက်ခဲများ သာကျန်ရှိသောမြေ၊ မြေဆီလွှာတိုက်စားမှုများသောမြေနေရာများ၊မြေအငန်ဓါတ်များသောနေရာများတွင် မြေဆီလွှာ ပြန်လည်ပြုပြင်ရာ၌ အလွှန်အသုံးဝင်သော သစ်မျိုးစိတ် ဖြစ်ပါသည်။ |

နောက်ဆက်တွဲ(၁)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ်ကိုခံနိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟဗေဒစနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁၃ | ဇီး | မိုးခေါင်ခြောက်သွေ့ချိန်တွင် မိုးရေချိန် လက်မ ၀.၁၁ - ၀.၃၁ ရရှိလျှင်ပင် ရှင်သန်ပေါက်ရောက်နိုင်သည်။ | ➢ သဲဆန်သောမြေနှင့် နုန်းမြေပမာဏများပြားစွာ ပါဝင်သောမြေများတွင် စိုက်ပျိုးပါက အကောင်းဆုံး ဖြစ်ပါသည်။<br>➢ ရေစီးရေလာကောင်းမွန်သည့် သဲဆန်သောနုန်းမြေ၊ ကျောက်စရစ်ခဲများပါသော နုန်းမြေ၊ ပက်ကြားအက်သောနေရာများ၊ မြေဆီလွှာတိုက်စားခံရသောနေရာများ၊ သံချေးကြွယ်ဝပြီး ကျောက်ဆန်သောမြေများတွင် ပေါက်ရောက်နိုင်သည်။<br>➢ မြေချဉ်ခါတ်နှင့် မြေငန်ဓါတ်အသင့်တင့်ရှိသောနေရာများ (Soil pH: ၇.၅) တွင် လည်း ပေါက်ရောက်နိုင်သည်။<br>➢ တစ်နှစ်ပတ်လုံး ရေဝပ်သောနေရာများတွင်လည်း ရှင်သန်ပေါက်ရောက်နိုင်သည်။<br>(မြေအမျိုးအစား၊ အတန်းအစားမရွေး ရှင်သန်ပေါက်ရောက်နိုင်သည်။) | -၅ မှ ၄၉ | ၄ - ၈၇ မိုးနည်းရေရှားဒေသတွင် တစ်နှစ်ပတ်လုံးမိုးရေချိန် လက်မ - ၃၃ ရရှိလျှင်ပင် ကောင်းမွန်စွာ ရှင်သန်ပေါက်ရောက်နိုင်သည်။ | ၀ - ၄၉၀၀ | ➢ မိုးနည်းရေရှားရာသီဥတုရှိသော ဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသော မိုးခေါင်ခြောက်သွေ့မှုဒဏ်ခံနိုင်သည့် အပူပိုင်းဒေသသစ်မျိုးဖြစ်သည်။<br>➢ မြေပြန့်၊ လျှိုမြောင်များတွင် ပိုမို ရှင်သန်ပေါက်ရောက်နိုင်သော်လည်း လျောစောက်နည်းသောတောင်စောင်းများတွင်လည်း တွေ့ရှိရပါသည်။<br>➢ ပေါက်ရောက်နှုန်းကောင်းမွန်သဖြင့် ဒေသသစ်မျိုးများနှင့် တွဲဖက်၍ စိုက်ပျိုးပါ ကသစ်မျိုးလွှမ်းမိုးမှုဒဏ်ကို ခံရပြီး တောအမျိုးအစားနှင့် ပက်ဝန်းကျင်ဂေဟစနစ်ပြောင်းလဲသွားနိုင်သည်။ |
| ၁၄ | ရုံး | - | ➢ စိုက်ပျိုးမည်ဆိုပါက ကျစ်လစ်သိပ်သည်းသောမြေကို ရှောင်ကြဉ်ရမည်။<br>➢ သဲဆန်သောနုန်းမြေတွင် အကောင်းဆုံးဖြစ်ထွန်းနိုင်သည်။<br>➢ (Soil pH: ၅ - ၆.၅) တွင်ရှိသော မြေအချဉ်ဓါတ်ပါဝင်သောမြေတွင် စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းနိုင်သည်။ | ၂၂ - ၃၂ | ၅၉ - ၉၈ | ၂၃၀၀ အောက် | ➢ အပူပိုင်းမြေပြန့်ဒေသရှိရွက်အုပ်ပွင့်တောနှင့် သမပိုင်းရွက်ပြတ်တောများတွင် ပေါက်ရောက်ပြီး အထူးသဖြင့် စိုထိုင်းဆများပြီးသဲဆန်သောနုန်းများရှိသည့် မြစ်၊ ချောင်း၊ လျှို၊ မြောင်များ တစ်လျှောက်တွင် ပို၍ တွေ့ရှိရတတ်သည်။<br>➢ အပေါ်ယံမြေဆီလွှာကုန်ဆုံးပြီး ကျောက်သားများပေါ်နေသောမြေအမျိုးအစားရှိသောတောခြောက်များတွင်လည်း တွေ့ရှိရတတ်သည်။ |

နောက်ဆက်တွဲ(ဂ)အဆက်

| စဉ် | သစ်မျိုးအမည် | ခြောက်သွေ့မှုဒဏ် တုံ့ပြန်နိုင်စွမ်း | မြေအမျိုးအစား | နှစ်စဉ် ပျှမ်းမျှ အပူချိန် (C) | နှစ်စဉ် ပျှမ်းမျှ မိုးရေချိန် (လက်မ) | ပင်လယ်ပြင် မျက်နှာပြင် အမြင့် (ပေ) | ဂေဟာဗေဒဇနစ် နှင့် ပေါက်ရောက်ရာ နေရာများ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁၅ | ဖန်ခါး | နင်းခါးရိုက်ခြင်း နှင့် မိုးခေါင်ခြောက်သွေ့မှုဒဏ်ကို လည်း အသင့်တင့် ခံနိုင်ရည်စွမ်းရှိသည်။ | ➢ သဲဆန်သောမြေ၊ ရွှံ့စေးဆန်သောမြေ၊ အပေါ်ယံမြေဆီလွှာ ကုန်ဆုံးပြီး ကျောက်သားများပေါ်ပြီး နုန်းပါဝင်သောမြေနှင့် အပေါ်ယံမြေဆီလွှာထူပြီးနုန်းပါဝင်သောမြေများတွင် ကောင်းမွန်စွာ ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ လိပ်သည်းကျောက်(ခ)နှမ်းဖတ်ကျောက်၊ ဂေါ်ဒါန်ကျောက်၊ သလင်းကျောက်၊ သင်ပုန်းကျောက်၊ မီးတောင်ကျောက်၊ ထုံးကျောက်များ ပါဝင်သောမြေနှင့် ဂဝံမြေတို့တွင်လည်း ရှင်သန်ပေါက်ရောက်နိုင်သည်။ | ၃၆ - ၄၇ | ၃၀ - ၁၃၀ | ၀ - ၄၉၀၀ | ➢ ရွက်ပြတ်ရောနှောတောစို၊ အပူပိုင်း ရှံ့နွံမြေများမှ တောခြောက်အထိ ရှင်သန်ပေါက်ရောက်နိုင်သည်။<br>➢ တောမီးများ လောင်ကျွမ်းမှုကို ကောင်းစွာ ဒဏ်ခံနိုင်ပြီး လောင်ကျွမ်းသွားသောပင်စည်များမှာ ပြန်လည်ကောင်းမွန်နိုင်သည်။ |

47

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

တယ်လီဖုန်းနံပါတ်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၇၅၀၁၃
(နေပြည်တော်) ၀၆၇ ၄၀၅၃၈
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ ၇၃၀၃၆
ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၃၀၃၄
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ ၇၃၀၃၄
Fax ၀၂ ၇၃၀၃၈
E-mail: dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm


စာအမှတ် ။စီမံကိန်း/စိမ်းလန်း/လင-၃/ ၁၂၉၀-၉၄ /၂၀၁၇

ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

သို့

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။ ၂၀၁၇ ခုနှစ်၊ မိုးရာသီသစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် လူထုလှုပ်ရှားမှုဖြင့် ပျိုးပင်ဖြန့်ဝေပြီးစီးမှုတင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏(၂၀-၇-၂၀၁၇)ရက်စွဲပါစာအမှတ်၊ (သစ်တော) ၄(၁)/၀၇(င) (၁၃၁၂/၂၀၁၇)

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏(၂၃-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ စိမ်းလန်း/ လင-၃/ ၁၁၀၄-၀၆/ ၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့အထိ မိုးရာသီလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရည်ညွှန်း(၂)ပါစာဖြင့်တင်ပြခဲ့ခြင်းအား ရည်ညွှန်း(၁)ပါစာဖြင့် ပြည်ထောင်စုဝန်ကြီးက **"စိုက်ပျိုး ပြီးစီးမှုကို အသိအမှတ်ပြုပါသည်၊ သေပင်ဖာထေးခြင်းကို မိုးရာသီအတွင်း ဆောင်ရွက်ရန်၊ ယခုနှစ်စိုက်သော ရွာပင်များကို လာရောက်ကြည့်ရှုပါမည်၊ ပဲ/စိမ်း သြဂုတ်လအတွင်း ပြီးစီးအောင်စိုက်ရန်"** ဟု မိန့်မှတ်ချက်ပြု ညွှန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၇ ခုနှစ်၊ မိုးရာသီတည်ထောင်စိုက်ပျိုးသည့် မြန်မာ့ရှားသစ်မျိုးထည့်သွင်းစိုက်ပျိုးသော စိုက်ကွက်များအနက် ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်တွင် ပြသအစစ်ဆေးခံနိုင်မည့် စိုက်ခင်းများအား **တိုင်းဒေသကြီး(၁)ခုလျှင် စိုက်ခင်း(၃)ခင်းစီ**၊ မော်တော်ယာဉ်ဖြင့် သွားလာနိုင်သည့် နေရာများ အား ဦးစားပေးကွင်းဆင်းရွေးချယ်၍၊ ရွေးချယ်ထားသည့်မြို့နယ်၊ စိုက်ခင်းအမှတ်၊ စိုက်ခင်းအမျိုးအစား၊

သစ်မျိုး၊ စိုက်ကော၊ မြန်မာရှားပါဝင်နှုန်းတို့ကို စိုက်ခင်း၏ လက်ရှိအခြေအနေပြ မှတ်တမ်းဓါတ်ပုံ၊ မြို့နယ်ရုံးမှစိုက်ခင်းသို့ သွားရောက်နိုင်မည့် ခရီးစဉ်လမ်းကြောင်းတို့နှင့်တကွ အချက်အလက်ပြည့်စုံစွာပြုစု၍ Soft Copy(CD)နှင့်အတူ **အမြန်ဆုံး**ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

[ ဘကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ညွှန်ကြားရေးမှူးချုပ်၊ အမှုတွဲဖိုင်

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၃။ ရုံးလက်ခံ

၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဖောအားပြောကြားနန်း
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၇၃၀၄၄
(နေပြည်တော်) ၀၆၇ ၄၀၅၃၁
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ ၇၃၀၃၂
ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၃၀၄၄
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ ၇၃၀၄၄
Fax ၀၂ ၇၃၀၃၈
E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ် ။စီမံကိန်း/စိမ်းလန်း/စခ-ရ / ၁၁၁၀ - ၁၄ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တည်ထောင်စိုက်ပျိုးခဲ့သည့် သစ်တောစိုက်ခင်းများနှင့် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၏ ပြေလရှင်သန်မှုအခြေအနေတင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၂၁-၆-၂၀၁၇)ရက်စွဲပါစာအမှတ်၊ (သစ်တော) ၄(၁)/၀၇(င) (၁၁၁၈/၂၀၁၇)

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏(၁၅-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ စိမ်းလန်း/ စခ-၇/ ၁၀၄၅-၄၆/၂၀၁၇

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တည်ထောင်ပြီးစိုက်ခင်း (၄၉၀၀)ကေအနက် ပျမ်းမျှရှင်ပင်(၈၅%)အောက် ကျဆင်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မြောင်မြို့နယ်မှ စိုက်ကွက်(၅)ကွက်၊ **မကွေးတိုင်းဒေသကြီး**၊ မင်းဘူးမြို့နယ်မှ စိုက်ကွက်(၁)ကွက်နှင့် **မန္တလေးတိုင်းဒေသကြီး**၊ ငါန်းဇွန်မြို့နယ်၊ တံတားဦးမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ (၇)ကွက်၊ စုစုပေါင်း(၁၃)ကွက်ကို ၂၀၁၇ ခုနှစ်၊ မိုးရာသီကာလအတွင်း စိုက်ပျိုးရာသီချိန်နှင့်အညီ ရွာသွန်းသည့်မိုးရေကို အကျိုးရှိစွာအသုံးပြု၍ အချိန်မီပြန်လည်ဖာထေးစိုက်ပျိုးလျက်ရှိပါကြောင်း ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြမှုအားပြည်ထောင်စုဝန်ကြီး က **"ရာသီဥတုနှင့်အခြားအကြောင်းအရာများကြောင့် အချို့ဒေသများ၌ သေပင်ရာနှုန်းမြင့်နေ၏၊ ယခုမိုးတွင်း၌ ပြန်လည်ဖာထေးပြီးပါက ရာနှုန်းပြန်တက်မည်ဖြစ်၏၊ ရင့်သောအပင်ကြီးများဖြင့် ပြန်ဖာရန်"** ဟု မိန့်မှတ်ချက်ပြုထားကြောင်း ရည်ညွှန်း(၁)စာဖြင့် အကြောင်းကြားလာသဖြင့် သိရှိအလေးထားလိုက်နာ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား စာတိပုံမှတ်တမ်း Soft Copy နှင့်အတူ **အမြန်ဆုံး** ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

23.6.2017

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[အကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

D:\AHYATTHU\NEW ၂၀၁၇ LETTER HEAD SELECTION\၃-DIVISION ၂၀၁၇.DOC

မိတ္တူ

၁။ ညွှန်ကြားရေးမှူးချုပ်၊ အမှုတွဲဖိုင်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၃။ ရုံးလက်ခံ
၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

| ဆက်သွယ်ရန်ဖုန်းနံပါတ်များ | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်(မန္တလေး) | ၀၂-၃၇၀၄၂ (ရုံး) |
| (နေပြည်တော်) | ၀၆၇-၄၀၅၀၀၀ (ရုံး) |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၂-၃၇၀၄၆ (ရုံး) |
| ညွှန်ကြားရေးမှူး(စီမံ) | ၀၂-၃၇၀၄၅ (ရုံး) |
| ညွှန်ကြားရေးမှူး(စီမံကိန်း) | ၀၂-၃၇၀၄၇ (ရုံး) |
| Fax | ၀၂-၃၇၉၀၄ (ရုံး) |
| ဒု/လ/ညွှန်ကြားရေးမှူး(စီမံ) | ၀၂-၃၇၀၄၈ (ရုံး) |

စာအမှတ်၊စီမံကိန်း/စိမ်းလန်း/စ၁-၂/၁၀၄၁-၄၅/၂၀၁၇
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၁၃ ရက်

သို့

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ၊မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ (၂၀၁၇ ခုနှစ် မိုးရာသီ)တည်ထောင်သည့် စိုက်ခင်းများ စိုက်ပျိုးပြီးနောက် သေပင်ဖာထေးခြင်းနှင့်ပထမအကြိမ်ပေါင်းရှင်းခါးဆွ၊ မြေဩဇာကျွေးခြင်း လုပ်ငန်း ဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်း အဝေးခန်းမ၌(၁၂-၆-၂၀၁၇)ရက်နေ့တွင်ကျင်းပပြုလုပ်သည့်ပုံမှန် ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၇)တွင် ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်

ရည်ညွှန်းပါ အစည်းအဝေးလမ်းညွှန်ချက်အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခု အတွင်း ၂၀၁၇ခုနှစ် တည်ထောင်သည့် စိုက်ခင်းများ၊ စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်ပြီးနောက် အနည်းဆုံး(၃)ပါတ်မှ(၁)လအကြာတွင် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း စဉ်များဖြစ်သည့် **သေပင်ဖာထေးခြင်းလုပ်ငန်းနှင့်** ပထမအကြိမ် **ပေါင်းရှင်းခါးဆွနှင့် မြေဩဇာ ကျွေးခြင်းလုပ်ငန်းတို့ကို** ဌာနသတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးပြီးနောက်ပိုင်း ရွာသွန်း သည့် မိုးအစိုဓါတ်နှင့်အတူ **အချိန်ကိုက်ဆောင်ရွက်နိုင်ရေး** တိုင်းဒေသကြီးနှင့် ခရိုင်များမှ ကြီးကြပ်တွန်းအားပေး ဆောင်ရွက်သွားရန် **နှိုးဆော်အကြောင်းကြားပါသည်။**

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ဘဏ္ဍာကောင်း၊ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၃။ ရုံးလက်ခံ ၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဆက်သွယ်ရန်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) [illegible]
(နေပြည်တော်) [illegible]
ဒုတိယညွှန်ကြားရေးမှူးချုပ် [illegible]
ညွှန်ကြားရေးမှူး(စီမံ) [illegible]
ညွှန်ကြားရေးမှူး(စီမံကိန်း) [illegible]
Fax [illegible]
E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ် ။စီမံကိန်း/စိမ်းလန်း/စ၁-၂ /၈၆၈ - ၅၂ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။** **၂၀၁၇ ခုနှစ်၊ မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းများ ရာသီချိန်မီ စိုက်ပျိုးပြီးစီးရေးကိစ္စ**

ရည် ညွှန်း ချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ၂၉-၅-၂၀၁၇ ရက်နေ့၊ ကျင်းပပြုလုပ်သည့် အပတ်စဉ် ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၇)လမ်းညွှန်ချက်

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအသီးသီး၌ ၂၀၁၇ခုနှစ်၊ မိုးရာသီ သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းကို မြို့နယ်(၅၂)မြို့နယ်၊ စိုက်ကွက်(၆၄)ကွက်၊ ဧရိယာ(၃၈၈၈.၄၇)ဧကတွင် ဆောင်ရွက်လျက်ရှိပြီး (၂၆-၅-၂၀၁၇) ရက်နေ့ထိ အပတ်စဉ် စိုက်ပျိုးတိုးတက်မှု အစီရင်ခံစာများအရ အောက်ပါအတိုင်း စိုက်ပျိုးပြီးစီးကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | တိုင်းဒေသကြီး | ကျေးရွာသုံး (ဧက) | | ရေဝေရေလဲ (ဧက) | | တောင်တန်း (ဧက) | | အခြား (ဧက) | | စုစုပေါင်း | | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လျာထား | ပြီးစီး | လျာထား | ပြီးစီး | လျာထား | ပြီးစီး | လျာထား | ပြီးစီး | လျာထား | ပြီးစီး | |
| ၁။ | စစ်ကိုင်း | ၆၀၀ | ၂၈၉ | ၁၃၀ | ၁၂၅ | ၂၀၀ | ၁၃၆ | ၇၀ | ၆၁ | ၁၀၀၀ | ၆၁၁ | ၆၁ |
| ၂။ | မကွေး | ၈၃၈.၄၇ | ၁၀၇ | ၃၂၀ | ၀ | ၅၀၀ | ၁၉၁ | ၁၈၀ | ၁၀ | ၁၈၃၈.၄၇ | ၃၀၈ | ၁၆.၈ |
| ၃။ | မန္တလေး | ၄၅၀ | ၁၇၆ | ၂၀၀ | ၈၁ | ၃၀၀ | ၂၁၅ | ၁၀၀ | ၁၅ | ၁၀၅၀ | ၄၈၇ | ၄၆.၄ |
| | စိမ်း/စို ပေါင်း | ၁၈၈၈.၄၇ | ၅၇၂ | ၆၅၀ | ၂၀၆ | ၁၀၀၀ | ၅၄၂ | ၃၅၀ | ၈၆ | ၃၈၈၈.၄၇ | ၁၄၀၆ | ၃၆.၂ |

၂။ အပိုဒ်(၁)ဖော်ပြပါဇယားအရ တိုင်းဒေသကြီးအလိုက် စိုက်ပျိုးပြီးစီးမှုနှင့် မိုးရွာသွန်းမှုကို တိုက်ဆိုင်စိစစ်ရာ မကွေးတိုင်းဒေသကြီးရှိ မြို့နယ်အများစုတွင် မိုးရေအစိုဓာတ် ရရှိမှုနည်းပါးသေးသဖြင့် စိုက်ပျိုးပြီးစီးမှုအားနည်းကြောင်း ကျိုးကြောင်းဆီလျော်စွာ စိစစ်တွေ့ရှိရသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်၊ ငါန်းဇွန်၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များတွင် မိုးရေအစိုဓာတ်လုံလောက်စွာ ရရှိသော်လည်း စိုက်ပျိုးပြီးစီးမှု အားနည်းနေရခြင်းမှာ လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု၊ ဝန်ထမ်းလုပ်သား အရံသင့်စုဖွဲ့မှုမရှိခြင်းကြောင့်ဟု သုံးသပ်ရပါသည်။

၃။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဘင်္ဂလားပင်လယ်အော်တွင် (Depression) ရှိနေပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအနှံ့အပြားတွင် ယခုအပတ်အတွင်း မုန်တိုင်းမိုး ရွာသွန်းမည်ဖြစ်ကြောင်း ခန့်မှန်းထားရှိသဖြင့်၊ ရွာသွန်းသည့်မိုးရေ အစိုဓာတ်အား ထိရောက်စွာ အသုံးချ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ကြိုတင်သယ်ယူခြင်း၊ စိုက်ပျိုးရန် ဝန်ထမ်းလုပ်သား အရံသင့်စုဖွဲ့ခြင်းစသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ထား ရှိစေရေး တိုင်းဒေသကြီး/ ခရိုင် တာဝန်ခံအဆင့်ဆင့်မှ အနီးကပ်ကြီးကြပ်တွန်းအားပေး ဆောင်ရွက် သွားရန် နှိုးဆော်အကြောင်းကြားပါသည်။

29-5-2017

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

[ ဘကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၃။ ရုံးလက်ခံ

၄။ အမှုတွဲ

MONREC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဆက်သွယ်ရန်ဖုန်း
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၃၃၀၀၃
(နေပြည်တော်) ၀၆၇ ၄၁၀၅၃
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၃၃၀၀၄
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၃၀၀၃
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၃၃၀၀၃
Fax ၀၂ -၃၃၀၀၃
E-mail ; dgdzgdmonrec@gmail.com
Website;www.dryzonegreening.gov.mm

စာအမှတ် ။စီမံကိန်း/စိမ်းလန်း/စ၁-၂ / ၄၃၂ - ၄၃၈/၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။** **ကြိုးထွားရာသီချိန်မီ ပထမမိုးနှင့်အတူ သစ်ပင်များစိုက်ပျိုးရန်ကိစ္စ**

ရည်ညွှန်းချက် ။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ၂၅-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၁၇)၏ အစည်းအဝေးလမ်းညွှန်ချက်

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(၂၀၁၇-ခုနှစ်မိုးရာသီ) စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း (၃၈၈၈.၄၇)ဧက ဆောင်ရွက်လျက်ရှိရာ စိုက်ခင်းအကြိုလုပ်ငန်းအဆင့်ဆင့်ကို ရာသီအချိန်ကိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ရာတွင် ၄/၂၀၁၇ လအတွင်း သင်္ကြန်ကာလများ၌ မုန်တိုင်းမိုးကြောင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်အချို့တွင် စိုက်ခင်းမိုးရေချိန်လက်မ (၁" မှ ၆") အထိ ကောင်းစွာရရှိခဲ့သော်လည်း (၂၁-၄-၂၀၁၇) ရက်နေ့အထိ အပတ်စဉ်လုပ်ငန်း တိုးတက်မှုအစီရင်ခံစာအရ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတိုးတက်မှု တင်ပြလာခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ မိုးလေဝသနှင့်ဇလဗေဒဌာနမှ ၂၀၁၇ခုနှစ်၊ ဧပြီလနောက်ဆုံးပတ်နှင့် မေလအစောပိုင်းကာလအတွင်း မိုးတိမ်တောင်များ ဖြစ်ပေါ်၍ ထစ်ချုန်းမိုးရွာသွန်းနိုင်မည်ဖြစ်ကြောင်း၊ ခန့်မှန်းချက်အရ တိုင်းဒေသကြီးအသီးသီးတွင် မိုးရေအစိုဓါတ်လုံလောက်စွာ ရရှိသည်နှင့်တစ်ပြိုင်နက် **ရွာသွန်းသည့်မိုးအား အကျိုးရှိစွာအသုံးချ၍ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းအား အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေးအတွက်** Hardening Process ပြုလုပ်ပြီး ပျိုးပင်များ စိုက်ကွက်သို့ ကြိုတင်သယ်ပို့ခြင်း၊ လုပ်သားအင်အားစုကြိုတင်စုဖွဲ့ခြင်းနှင့် စိုက်ခင်းစခန်းတွင် တာဝန်ကျဝန်ထမ်းများ စဉ်ဆက်မပြတ် နေထိုင်၍ အချိန်ကိုက်စိုက်ပျိုးနိုင်ရေး မြို့နယ်/ ခရိုင် တာဝန်ခံများသို့ **အလေးထား** ကြီးကြပ်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၂၈.၄.၂၀၁၇

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ ဘကျော်၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၃။ ရုံးလက်ခံ ၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

Fax [illegible]
E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm


စာအမှတ်။ စိမ်ကိန်း/စိမ်းလန်း/[illegible]၅၅၄ ၅၇/၂၀၁၇

ရက် စွဲ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ၂၀၁၇ ခုနှစ်၊ မိုးရာသီ တည်ထောင်မည့် စိုက်ခင်းများအတွက် ပျိုးပင်များအား ဌာနညွှန်ကြားချက်နှင့်အညီ စိုက်ပျိုးချိန်တွင် အမြင့်(၁၄")အထက်ရရှိရေး ဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ (၁)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမတွင် (၄-၄-၂၀၁၇)ရက်နေ့ ကျင်းပပြုလုပ်သော အပတ်စဉ်ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) အစည်းအဝေးဆုံး ဖြတ်ချက်

(၂) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၈-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ စိမ်ကိန်း/ စိမ်းလန်း/ စခ-၂/ ၂၀၀-၀၃/ ၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (၄) မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ (၁) မြို့နယ်တို့မှ (၃၁-၃-၂၀၁၇) ရက်နေ့ထိ အပတ်စဉ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများအရ သစ်မျိုးအလိုက် ပျိုးပင်အမြင့် အတန်းအစားများ အခြေအနေအား အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | မြို့နယ် | လျာထား | | ယခင်နှစ်အလားတူကာလပျိုးပင်အမြင့် | | | ယခုနှစ်လက်ရှိကာလ ပျိုးပင်အမြင့် | | |
|---|---|---|---|---|---|---|---|---|---|
| | | (ဧက) | (ပင်) | ၈"အောက် | ၈"မှ၁၄" | ၁၄"အထက် | ၈"အောက် | ၈"မှ၁၄" | ၁၄"အထက် |
| ၁။ | ချောင်းဦး | ၁၀၀ | ၂၃၀၀၀ | ၁၃% | ၇၆% | ၁၀% | ၂၀၈၀၀ (၉၀%) | ၂၂၀၀ (၁၀%) | - |
| ၂။ | အရာတော် | ၆၀ | ၂၀၇၀၀ | ၆% | ၃၉% | ၅၅% | ၁၂၄၇ (၆၀%) | ၈၃၅၃ (၄၀%) | - |
| ၃။ | ယင်းမာပင် | ၃၀ | ၁၀၃၅၀ | - | ၁၀၀% | - | ၈၃၅၀ (၈၁%) | ၂၀၀၀ (၁၉%) | - |
| ၄။ | မြင်းမူ | ၇၅ | ၃၀၄၇၅၀ | ၃၅% | ၆၅% | - | ၁၅၁၉၈ (၅၉%) | ၁၀၆၇၇ (၄၁%) | - |
| ၅။ | ရေနံချောင်း | ၁၅၀ | ၁၅၀ | ၂၈% | ၆၁% | ၁၁% | ၃၁၀၆၀ (၆၀%) | ၂၀၆၉၀ (၄၀%) | - |

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအသီးသီးမှ အမြင့်(၈")အောက် ပျိုးပင်များအား ဌာနညွှန်ကြားချက်ဖြစ်သည့် စိုက်ပျိုးချိန်တွင် အမြင့်(၁၄")အထက် ရရှိရန်အတွက် ပျိုးဥယျာဉ် လုပ်ငန်းများအား အထူးအလေးထား ဆောင်ရွက်သွားရန် ရည်ညွှန်း(၂)ပါစာဖြင့် အကြောင်းကြား ထားပြီး ဖြစ်ပါသည်။

၃။ အထက်ဖော်ပြပါ မြို့နယ် (၅) မြို့နယ်၏ပျိုးပင်များသည် (၈") အောက်ရောက်ရှိသည့် ပျိုးပင် အရေအတွက်များပြားနေခြင်းနှင့် အချို့မြို့နယ်များ၏ပျိုးပင်များသည်လည်း (၈")အောက်နှင့် (၈"-၁၄") ကြားတွင်ရှိပြီး ဌာနသတ်မှတ်ချက်ဖြစ်သည့် (၁၄")အထက် ရောက်ရှိရေး ဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။ ယခုအခါဧပြီလရောက်ပြီဖြစ်ပါ၍ ၂၀၁၇ခုနှစ်၊ မိုးရာသီတွင် တည်ထောင် မည့် စိုက်ခင်းများအား မေလပထမမိုးအမီ စိုက်ပျိုးနိုင်ရန်အတွက် ဌာနညွှန်ကြားချက်ဖြစ်သည့် စိုက်ပျိုးချိန်တွင် အမြင့်(၁၄")အထက် ရရှိရန်အတွက် ပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျန်ရှိကာလဖြစ်သော (၁)လခန့်အတွင်း လိုအပ်သည့်အပင်အားတိုးဆေး ဟော်မုန်းကျွေးခြင်း၊ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ အမြစ်ဖြတ်ခြင်း၊ sorting ပြုလုပ်ခြင်းနှင့် Hardening Processes ပြုလုပ်ခြင်းစသည့် ပျိုးဥယျာဉ်လုပ်ငန်းများအား မြို့နယ်တာဝန်ခံမှ အမြန်အထူး အလေးထား အားထည့်ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး၊ ခရိုင်တာဝန်ခံများမှ အနီးကပ်စိစစ် ကြပ်မတ်၍ တွန်းအားပေးဆောင်ရွက်သွားရန် ထပ်မံနှိုးဆော် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

[ ဖေချစ်၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူကို-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၃။ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးထံ သိရှိလိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားချက်ဖြင့် ပေးပို့ပါသည်။

၄။ ရုံးလက်ခံ

၅။ အမှုတွဲ

MONREC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

Fax
E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ်။ စိမ်းကိန်း/စိမ်းလန်း/စခ-၁(ညွှန်)/၅၇၇-၄၁/၂၀၁၇
ရက် စွဲ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။** စိုက်ခင်းစခန်းတဲများဆောက်လုပ်၍ ဝန်ထမ်းများအခြေချနေထိုင်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ (၁) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၈-၁၂-၂၀၁၁ ရက်စွဲပါစာအမှတ်၊ စိမ်းကိန်း/စိမ်းလန်း/စခ-၁(ညွှန်)/၁၈၁၁-၁၄/၂၀၁၁

(၂) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၉-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ စိမ်းကိန်း/စိမ်းလန်း/စံနှုန်း/၂၁၂-၁၅/၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် တည်ထောင်စိုက်ပျိုးမည့် စိုက်ကွက်များအနက်မှ စိုက်ဧက (၇၅) နှင့်အထက် စိုက်ပျိုးရန်ရွေးချယ်ထားသော စိုက်ခင်းများတွင် စိုက်ခင်းဝန်ထမ်းများအား အခြေစိုက်နေထိုင်စေပြီး စိုက်ခင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရန် (၈-၁၂-၂၀၁၁) ရက်စွဲပါရည်ညွှန်း (၁) ပါစာဖြင့် လမ်းညွှန်မှုပြုခဲ့ပါသည်။

၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ်၊ မိုးရာသီ) တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းများမှ စတင်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ပုန္နက် အရေအတွက် တိုးမြှင့်ပြောင်းလဲ၍ ရန်ပုံငွေခွင့်ပြုစံနှုန်းအသစ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရည်ညွှန်း (၂) ပါစာဖြင့် အကြောင်းကြားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းမှစတင်၍ လုပ်ငန်းများအားထိရောက်အောင်မြင်စွာ ဌာန၏ညွှန်ကြားချက်များနှင့်အညီ အနီးကပ်ကြီးကြပ် ဆောင်ရွက်နိုင်ရေးအတွက် လမ်းဘေးဝဲယာ/ အခြားစိုက်ခင်းမှလွဲ၍ ကျေးရွာသုံး၊ ရေဝေရေလဲနှင့် တောင်တန်းစိုက်ခင်းများအားလုံးတွင် စိုက်ခင်းစခန်းတဲများဆောက်လုပ်၍ စိုက်ခင်းဝန်ထမ်းများ နှင့် စိုက်ခင်းလုပ်သားများ အခြေစိုက်နေထိုင်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

31.3.2017

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ ဘုကျော်၊ ညွှန်ကြားရေးမှူး(စိမ်းကိန်း) ]

31.3

မိတ္တူကို-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၃။ ရုံးလက်ခံ

၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ် ။စီမံကိန်း/စိမ်းလန်း/စခ-၇ / ၄၅၁-၅၄ /၂၀၁၇

ရက်စွဲ ။၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်

သို့

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၆ ခုနှစ်၊ မိုးရာသီတည်ထောင်စိုက်ပျိုးမည့် သစ်တာစိုက်ခင်းများ၏ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြခြင်း

ရည် ညွှန်း ချက် ။ (၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏(၉-၃-၂၀၁၇) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ စိမ်းလန်း/ စခ-၇/ ရုံးတွင်းစာ(၁၉၄)/၂၀၁၇

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၏ (၂၇-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၉၂၀-၂၁ / မ(က)၁

(၃)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး၏ (၂၇-၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၂၀၆၀-၆၁/မ(က)၁

(၄)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၏ (၆-၃-၂၀၁၇)ရက်စွဲပါစာအမှတ်၊ စိမ်းလန်း / စ(ခ)/ ၁၄၉၃-၉၅/၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၆ ခုနှစ်မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် သစ်တောစိုက်ခင်း (၈၇)ခင်း၊ (၄၉၀၀)ကေ၏ သစ်တာစိုက်ခင်းတည်ထောင်ပြီးစီးကြောင်းအစီရင်ခံစာ (စိမ်း/စိုက်ခင်းပုံစံ(၁၆))များအား အစီရင်ခံစာပေးပို့ရောက်ရှိမှု နောက်ကျရခြင်းအပေါ် ဖြေရှင်းချက်များနှင့်အတူ ရည်ညွှန်းပါ(၂၊ ၃၊ ၄)တို့ဖြင့် တင်ပြလာပါသည်။

၂။ ဖြေရှင်းချက်များအပေါ် စိစစ်ချက်အရ တိုင်းဒေသကြီးများမှ ဒီဇင်ဘာလရှင်ပင်ရေတွက်ခြင်းဆောင်ရွက်ပြီးနောက် (၁)လအတွင်း စိုက်ခင်းတည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာများ ပေးပို့တင်ပြရမည့်အစား မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ တင်ပြရမည်ဟု မှတ်ယူခြင်း၊ ၂၀၁၇ ခုနှစ်မိုးရာသီတည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းနှင့်အတူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများအတွက် ကျင်းတူးခြင်း၊ ကျင်းသိမ်းခြင်း၊ နွားချေးစုဆောင်းခြင်းနှင့် စိုက်ခင်းအတွင်း နွားချေးမြေဆွေးစုဆောင်းသယ်ပို့ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရခြင်းတို့ကြောင့် (စိမ်း/စိုစိုက်ခင်းပုံစံ(၁၆)) အစီရင်ခံစာများ သတ်မှတ်ကာလထက် နောက်ကျပေးပို့ရခြင်းဖြစ်ကြောင်းကို ရည်ညွှန်း(၁)ပါစာဖြင့် စိစစ်တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က **"မီးကာကွယ်ပြီးမှ တင်ပြရမည်ဟု ယူဆခြင်း၊ ၂၀၁၇ စိုက်ခင်းအတွက် လုပ်ငန်းများဆောင်ရွက်နေရခြင်း တို့သည် ခိုင်လုံသော အကြောင်းပြချက်မဟုတ်ပါ၊ ညွှန်ကြားချက်များအပေါ် လိုက်နာမှုအားနည်းခြင်းပင် ဖြစ်ပါသည်၊ အရေးမယူ၍ လိုက်နာရန်ပျက်ကွက်သည်ဟု သုံးသပ်ပါသည်၊ နောင်တွင်တိကျစွာ လိုက်နာမှုမရှိက အရေးယူသွားပါမည်"** ဟု မိန့်မှတ်ချက်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ညွှန်ကြားရေးမှူးချုပ်၏ မိန့်မှတ်ချက်အား အလေးထားလိုက်နာဆောင်ရွက်ရန်၊ သစ်တောစိုက်ခင်းလုပ်ငန်း တစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ရမည့် အချိန်ကာလနှင့် အစီရင်ခံစာ ပေးပို့ရမည့်အချိန်ကာလများအတိုင်း(ပွဲတွဲ) အချိန်မီပေးပို့နိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် နောက်နောင်တွင်သတ်မှတ်ကာလအတွင်း အစီရင်ခံစာများ ပေးပို့ရန် ပျက်ကွက်ပါက လိုအပ်သလိုအရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

13.3.2017

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

[ဘကျော်ဝင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၂။ ရုံးလက်ခံ

၃။ မျှောစာတွဲ

၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

Fax
E-mail dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm


စာအမှတ် ။စိမ်ကိန်း/စိမ်းလန်း/၈၈.၇ / ၁၁၇ - ၂၀ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

**အကြောင်းအရာ။** **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စ.ထ.ထ.ရ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကိစ္စ**

ရည် ညွှန်း ချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးအစည်းအဝေးခန်းမ၌ (၂၄-၁-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော အပတ်စဉ်ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) အစည်းအဝေးဆုံး ဖြတ်ချက်အရ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၇ခုနှစ်၊ မိုးရာသီတည်ထောင်မည့် သစ်တောစိုက်ခင်း(၃၈၈၈.၄၇)ဧက၏ စိုက်ခင်းအကြိုလုပ်ငန်းများ အပါအဝင် စ.ထ.ထ.ရ လုပ်ငန်းများအား ဌာနသတ်မှတ်ချက်နှင့်အညီ ရာသီအလိုက်၊ အချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရည်ညွှန်းပါအစည်းအဝေးဆုံးဖြတ်ချက်အရ ဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား အရည်အသွေးမီ၊ လျာထားချက်အပြည့်၊ သတ်မှတ်ကာလအတွင်း အောင်မြင်ပြီးစီးစေရေး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများမှ တာဝန်ခံစစ်ဆေးကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလိုအပ်ချက်နှင့်အညီ တိုင်းဒေသကြီးရုံးရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ညွှန်ကြားရေးမှူးကိုယ်စား ဖြည့်ဆည်းတာဝန်ယူ၍ ထဲထဲဝင်ဝင်ပျံ့နှံ့စွာ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

26.1.2017

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ ဘဲအောင်၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ။
၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂။ ရုံးလက်ခံ
၃။ မျှောစာတွဲ
၄။ အမှုတွဲ

ပူးတွဲ

စ.ထ.ထ.ရ လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့် အချိန်ကာလ၊ အစီရင်ခံစာပေးပို့ရမည့် ကာလနှင့် အစီရင်ခံစာ ပုံစံအမှတ်

(က) စိုက်ခင်းလုပ်ငန်းအချိန်ဇယား

| စဉ် | လုပ်ငန်း အမျိုးအမည် | ဆောင်ရွက် သည့်ကာလ | ဦးစီးရုံးချုပ်သို့ အစီရင်ခံစာပေး ပို့ရမည့် နောက်ဆုံးရက် | လုပ်ငန်းစဉ် အလိုက် ပြီးစီးမှု အစီရင်ခံစာ များ၏ အမှတ်စဉ် |
|---|---|---|---|---|
| ၁ | သစ်တောစိုက်ခင်းတည်ထောင်မည့်တည်နေရာပြစုပေးပို့ခြင်း | စက်တင်ဘာလ | လုပ်ငန်းဆောင်ရွက်ပြီး တစ်လအတွင်း | စိမ်း/စိုစိုက်ခင်းပုံစံ(၁) |
| ၂ | စိုက်ခင်းမြေနေရာရွေးချယ်ခြင်း လုပ်ငန်း | စက်တင်ဘာလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၂) |
| ၃ | မြေတိုင်းတာခြင်းလုပ်ငန်း | စက်တင်ဘာလ၊ အောက်တိုဘာလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၃) |
| ၄ | ပန္နက်ရိုက်ခြင်းလုပ်ငန်း | အောက်တိုဘာလ၊ နိုဝင်ဘာလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၄) |
| ၅ | မြေပြုပြင်ခြင်းလုပ်ငန်း (ကျင်းတူးခြင်း/ထွန်ယက်ခြင်း) | နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၅) |
| ၆ | နွားချေးထည့်ခြင်းလုပ်ငန်း | မတ်လ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၆) |
| ၇ | ကျင်းဖို့ခြင်းလုပ်ငန်း | မတ်လ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၇) |
| ၈ | မျိုးဥထောင်ခြင်းလုပ်ငန်း | စက်တင်ဘာလမှ မေလထိ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၈) |
| ၉ | စိုက်ပျိုးခြင်းလုပ်ငန်း | မေလမှ ဇွန်လထိ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၉) |
| ၁၀ | ဖာထေးခြင်းလုပ်ငန်း | ဇွန်လမှ ဇူလိုင်လထိ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၀) |
| ၁၁ | ပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်း | ဇူလိုင်လ၊ဩဂုတ် (ပ)ကြိမ် စက်တင်ဘာလမှ အောက်တိုဘာလ (ဒု)ကြိမ် | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၁) |
| ၁၂ | မြေဩဇာကျွေးခြင်းလုပ်ငန်း | ဇူလိုင်လမှ စက်တင်ဘာလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၂) |
| ၁၃ | စစ်ဆေးလမ်းဖေါက်လုပ်ခြင်း လုပ်ငန်း | ဩဂုတ်လ၊ စက်တင်ဘာလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၃) |
| ၁၄ | ရှင်ပင်ရေတွက်ခြင်းအစီရင်ခံစာ | ဒီဇင်ဘာလ၊ ဧပြီလ၊ဩဂုတ်လ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၄) |
| ၁၅ | မီးတားလမ်းဖေါက်လုပ်ခြင်း လုပ်ငန်း | ဒီဇင်ဘာလ၊ ဇန်နဝါရီလ | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၅) |
| ၁၆ | စိုက်ခင်းတည်ထောင်ပြီးဆုံး ကြောင်းအစီရင်ခံစာ | ဒီဇင်ဘာလသေပင်ရှင် ပင်ရေတွက် ခြင်းဆောင်ရွက်ပြီး | ။ | စိမ်း/စိုစိုက်ခင်းပုံစံ(၁၆) |

သစ်တောရေးရာဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအမှတ်၊စီမံကိန်း/စိမ်းလန်း/စခ-၄(က)/၄၈၄-၈၇/ ၂၀၀၆

ရက်စွဲ၊ ၂၀၀၆ခုနှစ်၊ မေလ ၂၅ ရက်

သို့

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊

အကြောင်းအရာ။ ဌာနမှဆောင်ရွက်လျက်ရှိသော အဓိကလုပ်ငန်းကြီး(၄)ရပ် ကွင်းဆင်းစစ်ဆေးချက်နှင့် နေ့စဉ်မှတ်တမ်းများ ပေးပို့တင်ပြရန်ကိစ္စ။

ရည်ညွှန်းချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၁-၈-၂၀၀၃ ရက်စွဲပါစာအမှတ်၊ ရခ/စိမ်းလန်း/လင/၁၁၉-၁၂၄/ ၂၀၀၃။

ရည်ညွှန်းပါစာဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်း(၃)တိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော အဓိကလုပ်ငန်းကြီး(၄)ရပ်အား သက်ဆိုင်ရာ တိုင်း/ခရိုင်/မြို့နယ်တာဝန်ခံများ၏ ကွင်းဆင်းစစ်ဆေးချက်များကို သတ်မှတ်ပုံစံဖြင့် လစဉ်တင်ပြရန် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

တိုက်ရိုက်ကြီးကြပ်ကွပ်ကဲပေးခြင်းဖြင့် အားနည်းချက်များကို ချက်ချင်းပြုပြင်ဆောင်ရွက်ပေး နိုင်ရန်အတွက် အဓိကလုပ်ငန်းကြီး(၄)ရပ်ကို တစ်လလျှင် အောက်ဖော်ပြပါ အကြိမ်အရေအတွက် အတိုင်း အနည်းဆုံးထား၍ စစ်ဆေးတင်ပြရန်နှင့် နေ့စဉ်မှတ်တမ်းများကို (၁၅)ရက်တစ်ကြိမ် ရေးသားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ ပေးပို့တင်ပြကြရမည် ဖြစ်ပါသည်။

(က) ညွှန်ကြားရေးမှူး - (၁၅)ကြိမ်

(ခ) လက်ထောက်ညွှန်ကြားရေးမှူး - (၁၅)ကြိမ်

(ဂ) ဦးစီးအရာရှိ - (၂၀)ကြိမ်

၂။ လစဉ်စစ်ဆေးရန် သတ်မှတ်ထားသည့် အကြိမ်အရေအတွက် ပြည့်မီခြင်းမရှိပါက ပြည်းကောင်း၊ နေ့စဉ်မှတ်တမ်းများကို ပေးပို့ရန် ပျက်ကွက်ပါကလည်းကောင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

× × × ×

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

[ သိန်းဝင်း၊ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၂။ ရုံးလက်ခံ

၃။ မျှောစာတွဲ

၄။ အမှုတွဲဖိုင်

မိတ္တူမှန်

D:\AMT\letter\...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

E-mail : dgdzgamonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ် ။စိမ်ကိန်း/စိမ်းလန်း/မ၁(ပ)ဓ/ ၂၅၆ - ၅၉ /၂၀၁၇

ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ၂၀၁၇ ခုနှစ်၊ မိုးရာသီတည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းများ၏ကျင်းတူးခြင်းလုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြခြင်း

ရည် ညွှန်း ချက် ။ (၁)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးအစည်းအဝေးခန်းမ၌ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃၊ ၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြတ်ချက်အရ

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၏ (၁၆-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၄၉၂ / မ(က)၁

(၃) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး၏ (၁၇-၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၆၄၈-၆၄၉/မ(က)၁

(၄)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၏ (၁၇-၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ စိမ်းလန်း / စ(ခ)/ ၁၀၅၄-၅၆/၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအသီးသီး၌ ၂၀၁၇ ခုနှစ်မိုးရာသီတွင် တည်ထောင်မည့် သစ်တောစိုက်ခင်း (၃၈၈၈.၄၇)ဧက၊ စိုက်ကွက် (၆၄)ခု၏ ကျင်းတူးခြင်းလုပ်ငန်းတိုးတက်မှု(၁၇-၂-၂၀၁၇)ရက်နေ့ထိ အပတ်စဉ်အစီရင်ခံစာများအရ စိုက်ခင်းအားလုံးကျင်းတူးခြင်းလုပ်ငန်း ၁၀၀ % ပြီးစီးပြီဖြစ်ကြောင်း ရည်ညွှန်း(၂၊ ၃၊ ၄)တို့ဖြင့် တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဆက်သွယ်ရန်ဖုန်း
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) [illegible]
(နေပြည်တော်ရုံး) [illegible]
ဒုတိယညွှန်ကြားရေးမှူးချုပ် [illegible]
ညွှန်ကြားရေးမှူး(စီမံ) [illegible]
ညွှန်ကြားရေးမှူး(စီမံကိန်း) [illegible]
ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) [illegible]
Fax [illegible]
E-mail : dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ်၊ စီမံကိန်း/စိမ်းလန်း/စံနှုန်း/ ၂၁၂.၇၅ /၂၀၁၇
ရက် စွဲ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ **စိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောကျန်များထိန်းသိမ်းခြင်း လုပ်ငန်းစံနှုန်းအသစ်များ ခွင့်ပြုခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၃-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၅(၁)/၀၁(ဃ)(၄၂/၂၀၁၇)

(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၃-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၅(၁)/၀၁(ဃ)(၁၂၄/၂၀၁၇)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်လျက်ရှိသည့်စိုက်ခင်းများ၏ ပန္နက်အရေအတွက်နှင့် စိုက်ခင်းတည်ထောင်ခြင်း ကုန်ကျစရိတ်ခွင့်ပြုစံနှုန်းများအား တိုးမြှင့်ပြင်ဆင်ခွင့်ပြုပါရန်နှင့် သဘာဝတောကျန်များအား (၂) နှစ်ဆက်တိုက်မှ (၅) နှစ်ဆက်တိုက် ပြောင်းလဲထိန်းသိမ်းခွင့်ပြုပါရန်တို့အတွက် (၁) ကော ခွင့်ပြုစံနှုန်းများကို တိုးမြှင့်ပြောင်းလဲခွင့်ပြုပေးပါရန် တင်ပြချက်အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ရည်ညွှန်း(၁၊ ၂)တို့ဖြင့် "သဘောတူ" ခွင့်ပြုပြီးဖြစ်ပါသည်။

